ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် (သ်စ်တော) ၃(၂)/၁၆(ဃ)(၂၇၉၉/၂၀၁၈)

ရက်စွဲ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ၂ ရက်

အကြောင်းအရာ။ သီရိရွှေမြင့်မိုရ်ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင် ဒေသတွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်မည့် လုပ်ကွက်အတွက် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာအပေါ် အတည်ပြုပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက် ။ (၁) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ၂၆-၆-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁၃၂၉/ ရွှေဖက်စပ် (သီရိရွှေမြင့်မိုရ်-IEE)/၁၇-၁၈

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၄-၇-၂၀၁၈ ရက်စွဲပါစာအမှတ်၊ အီးအိုင်အေ-၂/၃(၈၄၅)/၂၀၁၈)

သီရိရွှေမြင့်မိုရ်ကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ ရှောက်ပင်ရိုးကျေးရွာအုပ်စု၊ ကန်တောင်ဒေသ၊ ခန့်မှန်းမြေပုံအညွှန်း၊ 93 B/2 (A-792144, B-797144,C-793139,D-792139)ရှိ မြေဧရိယာ (၂၀) ဧကကျယ်ဝန်းသောလုပ်ကွက်တွင် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက် ပြန်လည်ပြုစုတင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကိုစိစစ်ရာ ပတ်ဝန်းကျင်ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ပြုစုထားသည်ကိုစိစစ်တွေ့ရှိရပါသဖြင့် အဆိုပါအစီရင်ခံစာအား အတည်ပြုပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြန်ကြားအပ်ပါသည်-

(က) အစီရင်ခံစာ၏ ဇယား (၃) ပါ ဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများနှင့် နောက်ဆက်တွဲ (၂) နှင့် (၃) တို့တွင် ဖော်ပြထားသည့် ကတိကဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ခ) စီမံကိန်းဧရိယာသို့ ဆက်သွယ်သွားလာရန် လမ်းများဖောက်လုပ်ခြင်းနှင့် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကြောင့် စီမံကိန်းအနီးရှိ ရေစီးရေလာများ ထိခိုက်ပျက်စီးမှုမရှိစေရေး ဂရုတစိုက်ဆောင်ရွက်ရန်၊

(ဂ) အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းဆောင်ရွက်နေစဉ်အတွင်း ခဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန်နှင့် ဆွေးနွေးမှုရလဒ်အခြေအနေများကို

အများပြည်သူသိရှိနိုင်ရန် အစည်းအဝေးခန်းမ၊ သတင်းစာ၊ ကြော်ငြာဘုတ်များဖြင့် အသိပေးကြေညာရန်၊

(ဃ) ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်အဆိပ်ငွေ့ မထွက်စေရန် ဆိုင်ယာနိုက်ကို ချဉ်ခံဓာတ် (၁၀) ခန့်ရှိသော ထုံးဖျော်ရည် သို့မဟုတ် အမိုးနီးယားဖြင့် ရောစပ်အသုံးပြုရာတွင် သင်တန်းပေးထားပြီးသော ကျွမ်းကျင်ဝန်ထမ်းများကိုသာ စနစ်တကျ ကိုင်တွယ်အသုံးပြုစေရေးအတွက် ကုမ္ပဏီမှ ကြီးကြပ်ဆောင်ရွက်ရန်၊

(င) မိုင်းလုပ်သားများ အန္တရာယ်ကင်းရှင်းစေရန် Personal Protective Equipment-PPE တို့ကို ဇယား (၁၈) တွင် ဖော်ပြထားသည့်ပစ္စည်းများ ပြည့်စုံစွာဝတ်ဆင်ပြီးမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်စေရန်၊

(စ) စီမံကိန်းမှ ထွက်ရှိသည့် ဆူညံသံ၊ တုန်ခါမှု၊ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်ရေများ၊ အနံ့နှင့် ဖုန်မှုန့်များကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ အပေါ် လျော့ချရေးဆောင်ရွက်မည့်အစီအစဉ်တို့ကို အစီရင်ခံစာ၏ အပိုဒ်(၇.၅) ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊

(ဆ) စီမံကိန်းဆောင်ရွက်မှုကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ရေများတွင် ဓာတုပစ္စည်းများ ပါဝင်မှုရှိ/မရှိ စစ်ဆေးရန်နှင့် မိုင်းပိတ်သိမ်းမည့်အချိန်တွင် စွန့်ပစ်ကန်အတွင်း ကျန်ရှိနေသော စွန့်ပစ်ရေများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ သန့်စင်စွန့်ထုတ်ရန်၊

(ဇ) ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်များကို အစီရင်ခံစာ၏ အပိုဒ် (၉.၁.၃) တွင် ဖော်ပြထားသော အချက်အလက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် အရေးပေါ်အခြေအနေအတွက် ကြိုတင်ပြင်ဆင်ထားမှုများကို အစီရင်ခံစာ၏ အပိုဒ်(၉.၁.၄) တွင် ဖော်ထားသောအချက်အလက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဈ) ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်းမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို အစီရင်ခံစာ၏ ဇယား (၂၂) ပါ စွန့်ပစ်ပစ္စည်းများသိမ်းဆည်းခြင်းနှင့် စွန့်ပစ်ပစ္စည်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်ရန်၊

(ည) စီမံကိန်းလုပ်ငန်းဆောင်ရွက်စဉ်ကာလအတွင်း စီမံကိန်းကြောင့် တိုက်ရိုက်နှင့် သွယ်ဝိုက်၍ ထိခိုက်ခံစားရမည့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးအခြေအနေတို့အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်များကို အလေးပေး ဆောင်ရွက်ရန်၊

(ဋ) လုပ်ငန်းဆောင်ရွက်သည့် ဝန်ထမ်းများအား ကျန်းမာရေးထိခိုက်မှု မရှိစေရေးအတွက် ကျန်းမာရေးစစ်ဆေးသည့် အချက်အလက်များကို စောင့်ကြပ်ကြည့်ရှုခြင်း အစီရင်ခံစာတွင် ထည့်သွင်းတင်ပြရန်၊

(ဌ) စီမံကိန်းကြောင့် ပျက်စီးသွားသည့်နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များကို ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်၊

(ဍ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအချက်များအတိုင်း မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများတွင် အဆောက်အဦအဟောင်းများကို ပြန်လည်ပြောင်းရွှေ့ပြီး အမှိုက်သရိုက်များကို စနစ်တကျသိမ်းဆည်းရှင်းလင်းရန်၊ သတ္တုတွင်းပိတ်သိမ်းပြီးချိန်တွင် စီမံကိန်းအတွင်းရှိ ပတ်ဝန်းကျင်ရေအရည်အသွေး၊ မြေအရည်အသွေးတို့ကို လက်ရှိပတ်ဝန်းကျင်အခြေအနေထက် ပိုမိုဆိုးရွားမှုမရှိစေရေး တာဝန်ယူဆောင်ရွက်ရန်၊

(ဎ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် ရန်ပုံငွေပမာဏကို အစီရင်ခံစာတွင် ဖော်ပြထားသည်နှင့်လုံလောက်မှုမရှိပါက ထပ်မံဖြည့်သွင်း ဆောင်ရွက်ရန်၊

(ဏ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ဇယား (၉.၁.၂) ပါ စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်မည့်အစီအစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လတစ်ကြိမ် တင်ပြရန်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ဝင်းမော်၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

အမြဲတမ်းအတွင်းဝန် (သတ္တုရေးရာ)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (ရုံးအမှတ်-၁၉)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန